# စာနယ်ဇင်းကျင့်ဝတ်

ရေးသူ (လူထုစိန်ဝင်း)

စာနယ်ဇင်းလုပ်ငန်းဆိုတာ ဝန်ဆောင်မှုလုပ်ငန်းဖြစ်တယ်။ စာဖတ်သူ သိချင်တာတွေ၊ သိသင့်တာတွေကို ရှာဖွေဖော်ထုတ်ရေးသားပေးတာဖြစ်တယ်။ အဲဒါကြောင့် သတင်းစာတွေဟာ ပြည်သူလူထုရဲ့ နားနဲ့မျက်စိ ဖြစ်တယ်လို့ ဆိုခဲ့ကြတာဖြစ်တယ်။

ပြည်သူထုထုသိချင်တာ၊ သိသင့်တာတွေကို ရေးသားတင်ပြတဲ့အခါမှာ အခြေခံ (ကျင့်ဝတ် ၆ပါးရှိ)တယ်လို့ သတင်းစာဆရာများက သတ်မှတ်ခဲ့ကြတယ်။

(၁)Responsibility-တာဝန်သိမှု

စာဖတ်သူအပေါ် တာဝန်သိမှုဟာ တခြားအရာအားလုံးရဲ့ အထက်မှာ ရှိရမယ်။ စာဖတ်သူရဲ့ အကျိုးစီးပွားနဲ့ သတင်းစာတိုက်ရဲ့ အကျိုးစီးပွား၊ စာဖတ်သူအကျိုးစီးပွားနဲ့ အုပ်စိုးသူအကျိုးစီးပွား ဆန့်ကျင်ဖက် ဖြစ်လာတဲ့ အခါများမှာ စာဖတ်သူရဲ့ အကျိုးစီးပွားကိုသာ ဦးထိပ်ထားရမယ်။

ဒီနေရာမှာ ကိစ္စလေးတခု သာဓက ထုတ်ပြချင်တယ်။ သတင်းထောက်တယောက်က သမ္မတရေဂန်လက်ထက် နီကာရာဂွာ အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တန်ပြန်တော်လှန်ရေးသမားများလို့ အမည်ပေးထားတဲ့ သူပုန်အဖွဲ့ကို လက်နက်နဲ့ ငွေကြေး အထောက်အပံ့တွေ ပေးခဲ့တယ်။ အဲဒီအဖွဲ့ကို ထောက်ခံအားပေးခြင်းမပြုဖို့ ကွန်ဂရက်လွှတ်တော်က တားမြစ်ပိတ်ပင်ထားတာကို ဆန့်ကျင်ချိုးဖောက်ပြီး ပေးနေတာ ဖြစ်တယ်။ သတင်းရခဲ့တဲ့ သတင်းထောက်လုပ်ကိုင်နေတဲ့ သတင်းစာပိုင်ရှင်များက သမ္မတရေဂန်ကို ထောက်ခံသူများဖြစ်တယ်။

အယ်ဒီတာအဖွဲ့က အဲဒီသတင်းကို ဖတ်ရှုပြီးတဲ့အခါကျတော့ ဒီသတင်းဟာ ဖော်ပြသင့်တဲ့ သတင်းဖြစ်ကြောင်း ဆုံးဖြတ်လိုက်ကြတယ်။ အဲဒီဆုံးဖြတ်ချက်ကို ပိုင်ရှင်များရဲ့ ဒါရိုက်တာအဖွဲ့က ကြားသိရတော့ ဒီသတင်းကို မဖော်ပြခင်မှာ အယ်ဒီတာချုပ်နဲ့ တွေ့ဆုံဆွေးနွေးချင်ကြောင်း အကြောင်းကြားတယ်။ အယ်ဒီတာချုပ်နဲ့ တွေ့ဆုံတဲ့ အခါမှာ ဒီသတင်းရဲ့ မှန်ကန်မှုအတိုင်းအတာကို မေးမြန်းခဲ့တယ်။ အယ်ဒီတာချုပ်က ဒီသတင်းဟာ ခိုင်မာတဲ့ သတင်းဖြစ်တယ်လို့ ယုံကြည်တာကြောင့် ဖော်ပြဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်တယ်။ အယ်ဒီတာအဖွဲ့တဖွဲ့လုံး တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတာ ဖြစ်တယ်လို့လည်း ပြန်ပြောလိုက်တယ်။

အယ်ဒီတာချုပ်ရဲ့ ခိုင်မာပြတ်သားတဲ့စကားကို ကြားရတဲ့အခါ ဒါရိုက်တာအဖွဲ့က ကန့်ကွက်ပြောဆိုခြင်းမပြုတော့ဘဲ နေခဲ့တယ်။ ကန့်ကွက်ရင်လည်း အယ်ဒီတာအဖွဲ့ လက်ခံဖွယ်မရှိဘူး။ အတင်းအကြပ်လုပ်ရင် သတင်းကိုထည့်ပြီးမှ အယ်ဒီတာချုပ်နဲ့ တာဝန်ရှိ အယ်ဒီတာတွေ နုတ်ထွက်စာတင်ကြလိမ့်မယ်ဆိုတာ ရိပ်စားမိတဲ့အတွက်

မကန့်ကွက်ကြခြင်း ဖြစ်တယ်။ အယ်ဒီတာတွေကလည်း ဒါရိုက်တာအဖွဲ့က ထင်တဲ့အတိုင်း သတင်းကို ထည့်ပြီးတာနဲ့ နှုတ်ထွက်စာတင်ဖို့ ပြင်ဆင်ထားကြပြီး ဖြစ်တယ်။

သတင်းထောက်နဲ့ သူ့နောက်က အယ်ဒီတာအဖွဲ့ဝင်များဟာ ပိုင်ရှင်များရဲ့ဆန္ဒသဘောထားကို ဆန့်ကျင်ပြီး ဒီသတင်းကို ရေးသားဖော်ပြလိုက်ရင် သူတို့ အလုပ်ပြုတ်ကြကိန်းရှိကြောင်း သိရှိကြတယ်။ ဒါပေမယ့်လို့ ကိုယ်ကျိုးစီးပွားနဲ့ အများအကျိုးစီးပွား ယှဉ်လာခဲ့ရင် အများအကျိုးစီးပွားကိုသာ ကြည့်ရမယ်ဆိုတဲ့ တာဝန်သိမှု စိတ်ဓါတ်နဲ့ ဆောင်ရွက်ခဲ့ကြတာဖြစ်တယ်။

အဲ့ဒီသတင်းဟာ အီရန်ဂိတ် ဆိုတဲ့ အရှုတ်တော်ပုံကြီးကို ဖော်ထုတ်လိုက်တဲ့ ပထမဆုံး သတင်းဖြစ်တယ်။ အီရန်ဂိတ်ကြောင့် သမ္မတရေဂန် ရာထူးက ဖြုတ်ချခံရလုနီး ဖြစ်သွားခဲ့ရတယ်။

(၂)Freedom of the press-သတင်းစာလွတ်လပ်ခွင့်

လွတ်လပ်ခွင့်ဆိုတာ ပြည်သူလူထု အများပိုင်ဆိုင်တဲ့အရာ ဖြစ်တယ်။ အဲဒါကို အပြည့်အဝခံစားခွင့်ရကြစေဖို့ သတင်းစာများက ဆောင်ရွက်ကြရတယ်။ တချိန်တည်းမှာ သတင်းစာလွတ်လပ်ခွင့်ကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာ အမြတ်ထုတ်သူများရဲ့ အန္တရာယ်ကိုလည်း သတိထားကြရတယ်။

(၃)Independence-လွတ်လပ်မှု

သတင်းစာသမားဟာ ဘယ်သူနဲ့ ဘယ်အဖွဲ့အစည်းနဲ့မှ ကျေးဇူးခံ၊ကျေးဇူးစားအဖြစ် မရောက်ရှိစေရဘူး။ ဘယ်သူ့ဆီကမှ ဘာလက်ဆောင်မျိုးမှ လက်ခံရယူခြင်း မပြုရဘူး။ ထမင်းဖိတ်ကျွေးတာ၊မေတ္တာလက်မှတ် ပေးတာမျိုးလည်း လက်မခံရဘူး။ သူကျွေးတာကို တခါစားမိရင် တသက်လုံး ကျေးဇူးတင်လို့ မပြီးနိုင်တော့တဲ့ အခြေအနေမျိုး ရောက်ရှိသွားတတ်တယ်။

(၄)Truth & accuracy-မှန်ကန်မှုနဲ့ တိကျမှု

သတင်းဟာ မှန်ကန်တိကျမှုရှိပြီး ဘက်လိုက်မှု ကင်းရှင်းတယ်လို့ ကိုယ်တိုင်ရာနှုန်းပြည့် ၁၀၀ရာနှုန်း သေချာမှ ဖော်ပြပါ။ ဒါဟာ စာဖတ် ပရိတ်သတ်အပေါ် တာဝန်ကျေခြင်းဖြစ်တယ်။

(၅)Impartiality-မျက်နှာသာပေးမှုကင်းရှင်းခြင်း

သတင်းနဲ့ထင်မြင်ယူဆချက်ဆောင်းပါးကို ကွဲပြားအောင် ဖော်ပြရမယ်။ သတင်းထဲမှာ ထင်မြင်ချက်တွေ ထည့်ရေးတာမျိုး ရှောင်ရမယ်။ သတင်းတိုင်းဟာ အရှိကို အရှိအတိုင်း ဖော်ပြချက်များသာ ဖြစ်ရမယ်။

(၆)Fairplay-မျှတမှုရှိခြင်း

သတင်းပုဂ္ဂိုလ်များရဲ့ အခွင့်အရေးကို လေးစားရိုသေခြင်း ရှိရမယ်။

အများအကျိုးစီးပွားအတွက် ဆောင်ရွက်တာကလွဲရင် သတင်းပုဂ္ဂိုလ်များ(News Makers)ရဲ့ ပုဂ္ဂိုလ်ကလွတ်လပ်ခွင့်ကို ထိပါးကျူးလွန်ခြင်း မရှိစေရ။ သတင်းပုဂ္ဂိုလ်များကို ပြန်လည် ဖြေရှင်းခွင့် အပြည့်အဝ ပေးရမယ်။ သတင်းရေးသားခြင်းဟာ လူပုဂ္ဂိုလ်တဦး တယောက်ကို ထိခိုက်နစ်နာစေလိုတဲ့ ဆန္ဒမရှိကြောင်း အများအကျိုးစီးပွားအတွက်သာ ဆောင်ရွက်ရတာဖြစ်ကြောင်း ကာယကံရှင်များ ကိုယ်တိုင်သိရှိနားလည်စေမယ့် ရေးသားချက်မျိုး ဖြစ်စေဖို့ အမြဲသတိရှိပါ။

ဒီကျင့်ဝတ်(၆)ပါးဟာ သတင်းစာဆရာများ ကိုယ်တိုင် သတ်မှတ်တဲ့ အနိမ့်ဆုံး လိုအပ်ချက်များဖြစ်တယ်။ ဒီအနိမ့်ဆုံးလိုအပ်ချက်များကို အခြေခံပြီး သတင်းစာတိုက်တခုချင်းအလိုက် သတ်မှတ်ချက်တွေ အများကြီးရှိပါတယ်။ အရေးကြီးတဲ့အချက်များကို ရွေးနုတ်ပြီး ဆက်လက်တင်ပြသွားပါမယ်။

❖ ❖ ❖ ❖ ❖

စာနယ်ဇင်းကျင့်ဝတ်များအနက် စာဖတ်ပရိတ်သတ်အပေါ် တာဝန်သိမှုနဲ့ သတင်းစာတိုက်ပိုင်ရှင်သူဌေး၊ ဒါမှမဟုတ် အုပ်စိုးသူ လူတန်းစား ဒါမှမဟုတ် နိုင်ငံရေး၊ စီးပွားရေးအဖွဲ့အစည်းတခုခု စတာတွေရဲ့ ဩဇာရိပ်က လွတ်ကင်းမှုတို့အကြောင်း ရေးသားခဲ့ပြီးဖြစ်တယ်။ တတိယအရေးကြီးတဲ့ အချက်တချက်ကတော့ အမှန်ကို အမှန်အတိုင်း ဖော်ထုတ်တင်ပြခြင်း ဖြစ်တယ်။ အမှန်ကို သိပါလျက်နှင့် အကြောင်းတခုခုကြောင့် ဖုံးကွယ်ထားခြင်းဟာ စာနယ်ဇင်းကျင့်ဝတ် ဖောက်ဖျက်ရာ ရောက်ရုံမက ရာဇဝတ်မှုမျိုး ဖြစ်ပါက ရာဇဝတ်ကြောင်းအရလည်း အပြစ်ရှိရာရောက်ပါတယ်။

တခါက ကယ်လီဖိုးနီးယားပြည်နယ် မီးလ်သိတပ်ဆိုတဲ့ မြို့ကလေးက အထက်တန်းကျောင်းတကျောင်းမှာ ကြောက်မက်ဖွယ် ရာဇဝတ်မှုကြီးတခုဖြစ်ခဲ့တယ်။ ၁၆နှစ်အရွယ် ကျောင်းသားတယောက်က ၁၄နှစ်အနှစ်အရွယ် ကျောင်းသူလေး တယောက်ကို နိုင်ထက်စီးနင်း မတော်တရားပြုပြီးနောက် လည်ပင်းညှစ်သတ်ခဲ့ပါတယ်။ သူက တိတ် တိတ်မနေဘဲ လူ့လုပ်ရပ်ကို သူရဲကောင်းလုပ်ရပ်ကြီးသဖွယ် ဂုဏ်ယူ ဝင့်ကြွားစွာနဲ့ သူငယ်ချင်း ၈ယောက်ကို ပြောပြရုံမက ကလေးမကလေးရဲ့ ရုပ်အလောင်းကိုပါ လိုက်ပြခဲ့တယ်။ သူငယ်ချင်းတွေက အလောင်းကို လူသူလေးပါးမမြင်ရအောင် သစ်ရွက်တွေနဲ့ ဖုံးအုပ်ထားခဲ့ကြတယ်။

အဲဒီကလေး ၈ယောက်ထဲက တယောက်က သူ့အသိ စက်ရုံအလုပ်သမား တယောက်ကို ဒီအကြောင်း ပြောပြတယ်။ စက်ရုံ အလုပ်သမားတယောက်က ရဲကို တိုင်ကြားလိုက်တာကြောင့် အမှုပေါ်သွားတယ်။ လူသတ်တဲ့ကျောင်းသားရဲ့ သူငယ်ချင်း ၈ယောက်စလုံး ကြံရာပါအဖြစ် အဖမ်းခံကြရတယ်။ သူငယ်ချင်းအပေါ်မှာ သစ္စာရှိတယ်ဆိုတာ ကောင်းတဲ့စိတ်ထား ဖြစ်ပါတယ်။ ဒါပေမယ့် ရာဇဝတ်မှုကြီးတခုကို ထိမ်ချန်ဖုံးကွယ်

ပေးတာမျိုးကတော့ ပြည်သူ့နီတိအရ မလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စမျိုးဖြစ်တယ်။ သူ့ဟာသူ ပြစ်မှုကျူးလွန်တာပဲ ကိုယ်နဲ့ ဘာဆိုင်လို့လဲလို့ သဘောမထားသင့်ဘူး။ ဒီလိုသဘောမထားသင့်တဲ့ အကြောင်း ဟစ်တလာရဲ့အကျဉ်းသား ဖြစ်ခဲ့ရတဲ့ ဂျာမန်ဘုန်းတော်ကြီး တဦးရဲ့စကားနဲ့ နမူနာပြချင်ပါတယ်။

'ဂျာမနီမှာ ပထမတော့ ကွန်မြူနစ်တွေနောက်လိုက်တာပဲ။ အဲဒီအချိန်မှာ ကျုပ်က ဘာမှပြောဆိုကန့်ကွက်မလုပ်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်က ကွန်မြူနစ်မဟုတ်လို့ပဲ။ အဲဒီနောက် ဂျူးတွေ နောက်လိုက်တယ်။ ဒီတကြိမ်လဲ ကျုပ်က ရေငုံနှုတ်ပိတ်လုပ်နေခဲ့တယ်။ ကျုပ်က ဂျူးမှ မဟုတ်ပဲကိုး။ ဂျူးပြီးတော့ အလုပ်သမားသမဂ္ဂတွေနောက်လိုက်တယ်။ ကျုပ်က အလုပ်သမားသမဂ္ဂက မဟုတ်တော့ ဘာမှဝင်မပြောခဲ့ဘူး။ နောက်တော့ ကက်သလစ်တွေ နောက်လိုက်တယ်။ ကျုပ်ဘာမှ ဝင်မပြောဘူး။ ကျုပ်က ပရိုတက်စတင့်ဂိုဏ်းကပဲ။ အဲ နောက်ဆုံးကျတော့ ကျုပ်ဆီရောက်လာတော့တာပဲ။ အဲဒီအချိန်ကျတော့ ကန့်ကွက်ပြောဆိုမယ့် လူတယောက်မှ မရှိတော့ဘူးလေ။ အားလုံးက ထောင်ထဲရောက်နေကြပြီကိုး'

ပရိုတက်စတင့်ဘုန်းတော်ကြီး Martin Niemoeller ပြောခဲ့တဲ့စကားဖြစ်ပါတယ်။ ဒီဘုန်းတော်ကြီးဟာ ဟစ်တလာရဲ့ အကျဉ်းစခန်းမှာ ၁၉၃၈က ၁၉၄၅ထိ နေခဲ့ရသူဖြစ်ပါတယ်။ သူ့စကားက လူ့ကျင့်ဝတ် လူ့နီတိကို ထောက်ပြခဲ့တာပါ။

အမှန်တရားကို ဖော်ထုတ်တင်ပြခြင်းဟာ သတင်းစာသမားတို့ရဲ့ အဓိကတာဝန်ဖြစ်လေတော့။ တပိုင်းတစအမှန်ကိုသာ တင်ပြနိုင်ခြင်းဟာ တာဝန်မကျေရာဖြစ်လာပါတယ်။ သတင်းမှန်ဆိုတာ ဖြစ်တဲ့အတိုင်း၊ မြင်တဲ့အတိုင်း၊ ကြားတဲ့အတိုင်း တင်ပြရမယ် ဆိုရိုးရှိပေမယ့် တခါတလေမှာ ဖြစ်တာ၊ မြင်တာ၊ကြားတာများရဲ့နောက်ကွယ်မှာ တကယ့် သတင်းမြုပ်နေတာမျိုး ရှိတတ်ပါတယ်။ သတင်းမှန်ကိုရှာတဲ့ သတင်းထောက်ဟာ ဒါမျိုးကို မြင်တတ်ဖို့လို ပါတယ်။ နမူနာတခု ပြပါမယ်၊ လူနေတိုက်တန်းလျားကြီးတခု မီးလောင်ပြာကျသွားပါတယ်။ လူတယောက်သေဆုံးပါတယ်။ မီးသတ်ဌာနရဲ့ စစ်ဆေးချက်အရ ဝါယာရှော့ဖြစ်ပြီး လောင်တာလို့သိရတယ်။ ပတ်ဝန်းကျင်လူများရဲ့အဆိုအရ ဒီရပ်ကွက်ထဲမှာ တခြားတိုက်တန်းလျားတချို့လည်း မီးလောင်ခဲ့ဖူးပြီး ဝါယာရှော့ဖြစ် လောင်တာချည်း ဖြစ်ပါတယ်။ ဒီမှာတင် သတင်းထောက်မလေးက စိတ်ထဲသင်္ကာမကင်း ဖြစ်လာတယ်။ အိမ်မြေအရောင်းအဝယ် မှတ်တမ်းတွေ အာမခံငွေထုတ်ယူမှုတွေကို ဆက်လက်ပြီး စုံစမ်းလေ့လာလိုက်တော့ မသမာမှုတခုခု ရှိနေတာကို သတိပြုမိခဲ့တယ်။ မီးလောင်မှုအားလုံးကို ပတ်ဝန်းကျင်က ရှို့မီးလို့ မသင်္ကာမှု ရှိခဲ့ကြတယ်။ တိုက်တန်းလျားတွေ အားလုံးကြေးကြီးကြီးနဲ့ အာမခံထားခဲ့ကြတယ်။ တိုက်တန်းလျားတွေ အားလုံးဟာ ဌာနေပုလိပ်အရာရှိတွေပိုင်တဲ့ အဆောက်အဦး

တွေချည်း ဖြစ်ကြတယ်။

သတင်းထောက်မလေးက သူတွေ့ရှိချက်တွေအားလုံးကို ရေးသားလိုက်တယ်။ အဲဒီအခါ ပုလိပ်အရာရှိတွေက အသရေဖျက်မှုနဲ့ တရားစွဲကြတယ်။ တရားရုံးက စစ်ဆေးလိုက်တဲ့အခါမှာ သတင်းမှန် ဖြစ်နေတာတွေ့ရှိရတာကြောင့် အမှုကို ပလပ်ပစ်လိုက်တယ်။ အဖြစ်မှန်ဟာ မြင်တာ၊ ကြားတာတွေရဲ့ နောက်ကွယ်မှာ မြုပ်နေတတ်ပါတယ်။ သတင်းထောက်က ဒီအချက်ကို အမြဲသတိရှိနေဖို့ လိုပါတယ်။

❖ ❖ ❖ ❖ ❖

စာနယ်ဇင်းဆိုတာအမှန်ကို ဖော်ပြရမယ်ဆိုတာ လူတိုင်းနားလည်ထားကြတယ်။ ဒါပေမယ့် အဲဒီအချက်ကို ရဖို့ဆောင်ရွက်တဲ့ နည်းလမ်းများနဲ့ ပတ်သက်လို့တော့ လူတဦးချင်းစီရဲ့ သဘောထား ကွဲပြားခြားနားမှုရှိသလို စာနယ်ဇင်းတခုနဲ့တခုလည်း အယူအဆချင်း ကွဲပြားခြားနားမှုရှိကြတာ တွေ့ရတယ်။

ရှေ့မှာပြောခဲ့ပြီးဖြစ်တဲ့ ဒီမိုကရက်တစ်သမ္မတလောင်း ဂယ်ရီဟတ်ရဲ့ သတင်းမှာ စာနယ်ဇင်းတိုင်းက သတင်းကို ဖော်ပြခဲ့ကြပေမယ့် သတင်းထောက်များ ဂယ်ရီဟတ်ရဲ့ အိမ်ပတ်ဝန်းကျင်မှာ ပုန်းအောင်း စောင့်ဆိုင်းပြီး ခိုးကြောင်ခိုးဝှက် ဓါတ်ပုံရိုက်ယူကြတာကိုတော့ အယ်ဒီတာတချို့က နှာခေါင်းရှုံ့ခဲ့ကြတယ်။ တချို့ကတော့ သတင်းမှန်ဖို့သာလိုတယ်။ ဘယ်နည်းနဲ့ ရယူခဲ့တယ်ဆိုတာ ထည့်သွင်းစဉ်းစားစရာ မလိုဘူးလို့ ယူဆခဲ့ကြတယ်။

အဲဒီအယူအဆရဲ့ နောက်ဆက်အဖြစ် စာနယ်ဇင်းသမားဆိုတာ သတင်းရဖို့အတွက် ဘာပဲလုပ်လုပ် တရားတယ်ဆိုတဲ့ အစွန်းရောက်အယူအဆတရပ် ထွန်းကားလာတတ်တာကို သတိပြုဖို့လိုတယ်။ စာနယ်ဇင်းသမားဆိုတာ ဥပဒေရဲ့အထက်က လူတန်းစားတရပ် မဟုတ်ဘူး။ ဥပဒေဆိုတာ ချွင်းချက်ထားပေးရိုး မရှိဘူး။ ဥပဒေရဲ့ စက်ကွင်းက ဘယ်သူမှ မလွတ်ကင်းဘူး။ ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိဘူးဆိုတဲ့ အခြေခံကျင့်ဝတ်စည်းကမ်းကို အမြဲတမ်း နှလုံးသွင်းထားကြဖို့ လိုအပ်ပါတယ်။

အခုလောလောဆယ် ပူပူနွေးနွေးသတင်းတပုဒ်ကို ထောက်ပြချင်ပါတယ်။ အမေရိကန်သမ္မတဂျော့ဘုရှ် ဆေးခြောက်သုံးဖူးတယ် ဆိုတဲ့ သတင်းပါ။ ဖေဖော်ဝါရီ ၁၉ရက်နေ့ထုတ် နယူးယောက်တိုင်း သတင်းစာရဲ့ အဆိုအရ၊ စာရေးသူ ဒပ်ဂလပ်ဝဒ်(Douglas Wead)ဆိုသူဟာ ဂျော့ဘုရှ်နဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတယောက်ဖြစ်တယ်လို့ သိရတယ်။ ဂျော့ဘုရှ် သမ္မတမဖြစ်ခင် ဘုရင်ခံဘဝက ဝိဒ်နဲ့ စကားပြောကြဆိုကြရင်း သူဆေးခြောက်သုံးခဲ့ဖူးကြောင်း ထုတ်ပြောခဲ့တာလို့ဆိုပါတယ်။ ဝိဒ်က အဲဒီလို စကားပြောခဲ့ကြတာကို ဂျော့ဘုရှ် မသိဘဲနဲ့ ၁၉၉၈ က ၂၀၀၀ ခုနှစ်အထိ တိတ်တဆိတ် အသံသွင်းယူခဲ့တယ်လို့ ဆိုထားပါတယ်။

တိတ်ခွေထဲမှာ ဘုရှ်က သူဆေးခြောက်သုံးခဲ့ဖူးကြောင်း၊ သူက သမ္မတလုပ်ချင်သူဖြစ်တဲ့အတွက် ဒီကိစ္စကို ထုတ်ဖော်ဝန်ခံခြင်း မပြုလိုကြောင်း၊ သူ ဝန်ခံခဲ့ပါက ကလေးသူငယ်များ အတုယူမှားမှာ စိုးရိမ်ကြောင်း စသဖြင့်လည်း ဖွင့်ဟပြောဆိုခဲ့တယ်လို့ဆိုပါတယ်။ ဒါတင်မက ဘုရှ်က သူ ပထမအကြိမ် သမ္မတရွေးပွဲ ဝင်စဉ်က ပြိုင်ဖက် ဒီမိုကရက် သမ္မတလောင်း အယ်လ်ဂိုးက သူငယ်စဉ်ဘဝမှာ ဆေးခြောက်သုံးခဲ့ဖူးကြောင်း လူသိရှင်ကြားဝန်ခံတာဟာ မိုက်မဲမှုဖြစ်ကြောင်း ပြောခဲ့တယ်လို့လည်း စာရေးသူ ဝိဒ်က ရေးထားပါသေးတယ်။

ဒီတိပ်ခွေထဲ ပြောခဲ့တယ်ဆိုတဲ့ စကားတွေ မှန်၊မမှန် သမ္မတ အိမ်ဖြူတော်က ငြင်းချက်မထုတ်ခဲ့ပါဘူး။ အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူက ဒီတိပ်ခွေထဲက စကားတွေကို လူသိရှင်ကြားထုတ်ဖော်လိုက်တဲ့အတွက် သမ္မတအနေနဲ့ စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ ဒီစကားတွေဟာ မိတ်ဆွေလို့ ယူဆထားသူတယောက်နဲ့ ပြောရိုးပြောစဉ်ပြောစကားတွေသာ ဖြစ်ကြတယ်။ ဒါမျိုးကို ထုတ်ဖော်ရေးသားဖို့မသင့်ဘူးလို့ ယူဆတယ်လို့ပဲ ပြောကြားသွားပါတယ်။

ဒီတိပ်ခွေဟာ သမ္မတရွေးကောက်ပွဲကာလကသာ ထုတ်ဖော်လိုက်ရင် တော်တော်ကြီး ဟိုးလေးတကျော် ဖြစ်သွားမှာပါ။ ဂယ်ရီဟတ်လို ဂျော့ဘုရှ်သမ္မတရွေးပွဲက နုတ်ထွက်သွားမျိုး ဖြစ်သွားကောင်း ဖြစ်သွား နိုင်ပါတယ်။ ခုချိန်မှာတော့ သိပ်အရာမရောက်တော့ပါဘူး။သမ္မတအဖြစ် ဒုတိယအကြိမ်တောင် ရွေးချယ်ခံထားရပြီးပြီပဲ။

ဒီသတင်းကိုဖတ်ရတဲ့ လူငယ်စာနယ်ဇင်းသမားတချို့က ဒီသတင်းနဲ့ ပတ်သက်ပြီး ထင်မြင်ချက်ပေးဖို့ လာရောက်မေးမြန်းကြပါတယ်။ အာဖဂန်နစ္စတန်ကို ဝင်ရောက်တိုက်ခိုက်တဲ့ကိစ္စ၊ အီရတ်ကို ဝင်ရောက်ကျူးကျော်တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ဂျော့ဘုရှ်ကို ပြင်းပြင်းထန်ထန်ရှုတ်ချ ရေးသားခဲ့သူတယောက်ဖြစ်တဲ့အတွက် ဒီကိစ္စကို ဘယ်လိုဝေဖန်သုံးသပ်မလဲဆိုတာ လူငယ်လေးတွေက စိတ်ဝင်စားကြပုံရပါတယ်။

မှန်ပါတယ်။ သမ္မတဂျော့ဘုရှ်ကို သေနတ်ကိုင်ရမ်းကားနေတဲ့ ကောင်းဘွိုင်သမ္မတလို့ လေးငါးကြိမ်ထက်မနည်း ရှုတ်ချရေးသားခဲ့ဖူးပါတယ်။ နောင်လဲ အဲဒီလို သေနတ်ကိုင်ရမ်းကားတဲ့ ကောင်းဘွိုင် လုပ်ရပ်တွေလုပ်ရင် ရှုတ်ချရေးသားဦးမှာဖြစ်တယ်။ အီရန်ကို တိုက်ရင်၊ မြောက်ကိုရီးယားကို ကျူးကျော်ရင်၊ ဝေဖန်ရှုတ်ချ ရေးသားဦးမှာပဲဖြစ်တယ်။

ဒါပေမယ့် နှစ်ပေါင်း ၄၀ကျော် သတင်းစာသမားတယောက် လုပ်ခဲ့တဲ့ စိတ်ခါတ်အရ ပြောရမယ်ဆိုရင်တော့ ဒပ်ဂလပ်ဝိဒ်ရဲ့ လုပ်ရပ်ကို မနှစ်မြို့ပါဘူး။ ဆန့်ကျင်ကန့်ကွက်ပါတယ်။ သတင်းစာသမားဆိုတာ ယုံကြည်စိတ်ချလို့ မိတ်ဆွေသဘောအရ confidentialပြောတဲ့ စကားမျိုးကို ကာယကံရှင်ရဲ့ သဘောတူခွင့်ပြုချက်မရဘဲ ထုတ်

ဖော်ရေးသားခြင်းမပြုအပ်ပါဘူး။ ကိုယ်ရေးကိုတာ လျှို့ဝှက်ချက်မျိုး မဆိုထားနဲ့ တိုင်းရေးပြည်ရေးနဲ့ ပတ်သက်တဲ့ သတင်းမျိုးဖြစ်ခဲ့ရင်တောင်မှ မရေးပါနဲ့ ဒါတော့ လျှို့ဝှက်ချက် အဖြစ် သဘောထားပေးပါလို့ ဆိုခဲ့ရင် စောင့်စည်းပြီးမရေးဘဲ နေသင့်ပါတယ်။ အရေးကြီးလို့ လုံးဝကို ရေးသင့်တဲ့ သတင်းဖြစ်ခဲ့ရင်တော့ တခြားsource တခုခုက အတည်ပြုချက်ရအောင် လုပ်ပြီးမှ ရေးသင့်ပါတယ်။

ဒုတိယအချက် ကာယကံရှင်မသိဘဲ အသံဖမ်းယူတဲ့လုပ်ရပ်မျိုးကို သိက္ခာရှိ စာနယ်ဇင်းသမား မဆိုထားနဲ့ ရိုးရိုးလူသာမန်တွေတောင် မလုပ်အပ်ပါဘူး။ ဒါဟာ လူပုဂ္ဂိုလ်တဦးတယောက်ရဲ့ လွတ်လပ်ခွင့်ကို ထိပါးရာရောက်ရုံမက၊ လူတဦးတယောက်ရဲ့ ယုံကြည်မှုကို စော်ကားရာလည်းရောက်ပါတယ်လို့ လူငယ်များကို ထင်မြင်သုံးသပ်ပြလိုက် ရပါတယ်။

❖ ❖ ❖ ❖ ❖

စာနယ်ဇင်းသမားနဲ့ အသရေဖျက်မှု

ကျင့်ဝတ်ဆိုတာ ဥပဒေနဲ့ ပြဋ္ဌာန်းသတ်မှတ်ထားတာ မဟုတ်ဘူး။ စာနယ်ဇင်း သမားများကိုယ်တိုင်က လူ့အဖွဲ့အစည်းရဲ့ ဓလေ့ထုံးစံ ယဉ်ကျေးမှုနှုန်းစံများ၊ တည်ဆဲ ဥပဒေစည်းကမ်းများနဲ့ လိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းတိုင်ပင် သတ်မှတ်ထားကြ တာဖြစ်တယ်။

စာနယ်ဇင်းလောကမှာသာ မဟုတ်ဘူး။ တခြား အသက်မွေးဝမ်းကြောင်း နယ်ပယ်အသီးသီးမှာလည်း သူ့လုပ်ငန်းသဘာဝအလျောက် သတ်မှတ်ထားတဲ့ စည်းကမ်းကျင့်ဝတ်များ ရှိကြမြဲဖြစ်တယ်။ ဆရာဝန်ကျင့်ဝတ်၊ ရှေ့နေကျင့်ဝတ်၊ ဆရာကျင့် ဝတ် ဆိုတာမျိုးတွေဖြစ်တယ်။

စာနယ်ဇင်းကျင့်ဝတ်များစွာ ရှိတဲ့အနက် အမြဲတမ်းလိုလို အငြင်းပွားနေကြရ တဲ့ ကိစ္စတခုကတော့ ပုဂ္ဂလိက လွတ်လပ်ခွင့်နဲ့ စာနယ်ဇင်းလွတ်လပ်ခွင့် ထိပ်တိုက်တိုး မိတဲ့ကိစ္စဖြစ်တယ်။ လူပုဂ္ဂိုလ်တဦးတယောက်ရဲ့ အကျိုးစီးပွားကို ထိပါးစော်ကားရာ ရောက် မရောက် တနည်းပြောရင်‘အသရေဖျက်မှု’ မြောက် မမြောက် ဆိုတဲ့ ကိစ္စ ဖြစ်တယ်။

အသရေဖျက်မှုဆိုတာ လူပုဂ္ဂိုလ်တဦးတယောက်ရဲ့ နာမည်နဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းထိပါးအောင် မမှန်မကန် စွပ်စွဲပြောဆို ရေးသားမှုဖြစ်တယ်။ တဦးတယောက်က ထိခိုက်နစ်နာမှု ဖြစ်စေကြောင်း ခိုင်လုံတဲ့ အထောက်အထားပြပြီး တရားရုံးမှာ အသရေ ဖျက်မှုနဲ့ တရားစွဲဆိုပြီး နစ်နာမှုအတွက် လျော်ကြေးတောင်းခံခြင်းပြုနိုင်တယ်။

လူပုဂ္ဂိုလ် တဦးတယောက်ကို ထိခိုက်နစ်နာစေလိုတဲ့ သဘောမရှိပေမယ့်၊ ပေါ့ဆမှုကြောင့် မှားယွင်းပုံနှိပ်ဖော်ပြမိတာမျိုး ဖြစ်ခဲ့ရင် မှားယွင်းမိကြောင်း အမှားပြင်ဆင်

ချက် ထည့်သွင်းဖော်ပြ သေးရုံမျှနဲ့ အသရေဖျက်မှုနဲ့ တရားစွဲဆိုခြင်းက ကင်းလွတ်မှု မရှိပါဘူး။

ဥပမာတခုပြရရင် နယူးယောက်တိုင်းသတင်းစာမှာ အမှတ်၅၃၆ Western Ave နေ L.D. Sylvesterဆိုတဲ့ လူတယောက် မူးပြီး ကားမောင်းမှုနဲ့ ပုလိပ်အဖမ်းခံရကြောင်း သတင်းတပုဒ် ပါရှိလာခဲ့တယ်။ Sylvesterက အခင်းဖြစ်ပွားတဲ့အချိန်က သူဟာ တခြား မြို့တမြို့မှာ ရောက်ရှိနေကြောင်း သက်သေနဲ့တကွ တင်ပြပြီး အသရေဖျက်မှုနဲ့ ရုံးတော်မှာ တရားစွဲဆိုခဲ့တယ်။

သတင်းစာတိုက်က ပြန်လည်စစ်ဆေးတဲ့အခါမှာ သတင်းထောက်ရဲ့ အမှားဖြစ်ကြောင်းတွေ့ရှိရတယ်။ ဖြစ်ပုံက သတင်းထောက်ဟာ ဒီသတင်းကို ရဲစခန်းက ရရှိခဲ့တာဖြစ်တယ်။ ရဲစခန်း ပထမ သတင်းပေးတိုင်ကြားချက်မှတ်တမ်းက အချက်အလက်များကို မှတ်စုစာအုပ်မှာ ကူးယူခဲ့တယ်။ နောက်တော့ တခြားအရေးပါတဲ့ သတင်းများနောက်ကို ဆက်လိုက်တယ်။ ညနေပိုင်း သတင်းစာတိုက်ကို ပြန်ရောက်တော့ မှတ်စုထဲမှာ မှတ်သားလာတာတွေကြည့်ပြီး သတင်းပြန်ရေးတယ်။

အဲဒီမှာ သတင်းထောက်ဟာ သတင်းထောက်များ ကြုံတွေ့ရမြဲ ပြဿနာနဲ့ကြုံတွေ့ရတယ်။ မှတ်စုထဲမှာ ကတိုက်ကရိုက် ရေးသားခဲ့တဲ့ ကိုယ့်လက်ရေး၊ ကိုယ့်အမှတ်လက္ခဏာကို ကိုယ့်ဟာကိုယ် ပြန်ဖတ်မရတော့တာ ဖြစ်တယ်။ တနေ့တာ မှတ်သားခဲ့တဲ့အချက်အလက်တွေကလည်း မနည်းလှဘူးဆိုတော့ ရောရောထွေးထွေး ဖြစ်ပြီး ဘယ်ဟာက ဘာကို ရည်ရွယ်ထားမှန်း စဉ်းစားလို့မရတော့အောင် ဖြစ်သွားရတာမျိုးဖြစ်တယ်။

နယူးယောက်တိုင်းသတင်းထောက်က L.D. Sylvester နာမည်နဲ့ တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲရှာကြည့်တော့ ၅၃၆ Western Ave လို့တွေ့ရတယ်။ အဲဒါကြောင့် တွေ့တဲ့အတိုင်း ရေးလိုက်တယ်။ အမှန်တကယ်က မူးမောင်းမှုနဲ့ အဖမ်းခံရသူဟာL.D. Sylvester မဟုတ်ဘဲ T.D. Sylvester သာဖြစ်တယ်။ ရှုတ်ရှုတ်ထွေးထွေး မှတ်စုထဲမှာ ရေးခဲ့တဲ့ T.D က L.D ဖြစ်သွားတဲ့သဘောပါ။ အသေးအဖွဲ့ မှုခင်းလေးပဲလို့ သတင်းထောက်က ပေါ့ပေါ့လျော့လျော့နဲ့ သဘောထားပြီး သေချာအောင် စစ်ဆေးမှု မလုပ်တော့ဘဲ သတင်းရေးလိုက်မိတာဖြစ်တယ်။

နယူးယောက်တိုင်းသတင်းစာက နောက်တနေ့မှာ ချက်ချင်း အမှားပြင်ဆင်ချက်နဲ့ တောင်းပန်စာ ထည့်သွင်းပေးပါတယ်။ ဒါပေမယ့်လို့ ဒါဟာ ဥပဒေအရငြိစွန်းမှုကို မပျက်ပြယ်စေနိုင်ပါဘူး။ ဒီအချက်ကို သိတာကြောင့် နယူးယောက်တိုင်း သတင်းစာက ကာယကံရှင် မစ္စတာဆီလ်ဗက်စကာနဲ့ တရားရုံးပြင်ပမှာ ညှိနှိုင်းပြီး ဒေါ်လာသောင်းချီ လျော်ကြေးပေး ကျေအေးစေ လိုက်ရပါတယ်။

အသေရေဖျက်မှုနဲ့ တရားစွဲဆိုခံရတဲ့ ကိစ္စမျိုးမှာ အခြေခံအားဖြင့် အချက်၃ချက်ကို ဆင်ခြင်သုံးသပ်ကြည့်ဖို့လိုအပ်တယ်။

၁။ မှန်ကန်မှု

သတင်းထောက်က မိမိရေးသားလိုက်တဲ့ သတင်းအချက်အလက်များ လုံးဝမှန်ကန်ကြောင်း သက်သေပြနိုင်ရမယ်။ မှန်တယ်ထင်ပါကြောင်း၊ မှန်တယ်လို့ ပြောကြပါကြောင်းဆိုရုံမျှနဲ့ မလုံလောက်ပါဘူး။ မှန်ကြောင်းကို အခိုင်အမာ သက်သေပြနိုင်ရမှာဖြစ်တယ်။ အသရေဖျက်မှုကို အကောင်းဆုံး ခုခံနိုင်တဲ့ အရာဟာ အမှန်တရား ဖြစ်တယ်။

၂။ အခွင့်ထူး

ဥပဒေပြုလွှတ်တော်များ တရားရုံးလျှောက်လဲချက်များမှာ ဆိုင်ရာ ပုဂ္ဂိုလ်များရဲ့ ပြောစကားများ၊ ကြေညာချက်များ၊ လျှောက်လဲချက်များကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ၎င်းပုဂ္ဂိုလ်များရဲ့ စကားအတိုင်း၊ ကြေညာချက်အတိုင်း လျှောက်လဲချက်ထွက်ဆိုချက်များအတိုင်း တိတိကျကျ ရေးသားဖော်ပြခြင်းများဟာ အသရေဖျက်မှုမမြောက်။

၃။ တရားသဖြင့် ဝေဖန်သုံးသပ်ခြင်း

စာရေးဆရာများ၊ အနုပညာရှင်များ၊ သဘင်သည်များ၊ အားကစားသမားများစတဲ့ လူအများကို ဖျော်ဖြေရေးဝန်ဆောင်မှု ပေးသူများရဲ့ လက်ရာစွမ်းဆောင်ချက်များကို သုံးသပ်ဝေဖန်မှုပြုနိုင်ပါတယ်။ ဝေဖန်ချက်များဟာ သူတို့ရဲ့ လက်ရာစွမ်းဆောင်ချက်များအပေါ် အခြေခံတဲ့ဝေဖန်ချက် ဖြစ်စေရမယ်။ ဝေဖန်သူပုဂ္ဂိုလ်ရဲ့ ကိုယ်ရေးကိုယ်တာ ဘဝကို ပုတ်ခတ်ထိပါးတဲ့ ဝေဖန်မှုမျိုး မဖြစ်စေရပါဘူး။ ဝေဖန်ချက်ဟာ အာဃာတကင်းစင်တဲ့ ဝေဖန်မှုမျိုးလည်း ဖြစ်စေရမယ်။

ပုဂ္ဂိုလ်ရေးထိပါးစော်ကားမှုမျိုး မပါသရွေ့၊ ဘယ်လောက် ပြင်းထန်ဆိုးရွားတဲ့ ဝေဖန်ချက်မဆို အသရေဖျက်မှု မမြောက်ပါဘူး၊ ကိုယ်ရေးကိုယ်တာကိစ္စကို ထည့်သွင်းထောက်ပြခဲ့မိရင်တော့ အသရေဖျက်မှုနဲ့ တရားစွဲခံရရင် နိုင်ဖို့ခက်ခဲသွားပြီ ဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

❖ ❖ ❖ ❖ ❖

လူပုဂ္ဂိုလ်တဦးတယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ အကျင့်စာရိတ္တကို ညစ်နွမ်းစေတဲ့ ထိလွယ်ရှလွယ် သတင်းမျိုးကို ရေးရတဲ့အခါမျိုးမှာ အချက်၂ချက်ကို အထူးဂရုစိုက်ထားရမယ်။

(၁) သတင်းရဲ့ မှန်ကန်တိကျမှုကို အထပ်ထပ်အခါခါ စိစစ်ပါ။ သက်ဆိုင်ရာ အားလုံးဆီက အတည်ပြုချက်များ အရယူပါ။

(၂) သတင်းရေးတဲ့အခါမှာ စကားလုံး အသုံးအနှုန်းကို အတတ်နိုင်ဆုံး ရိုးရိုးရှင်းရှင်းရေးပါ။ နှစ်ခွအဓိပ္ပာယ်ဆောင် စကားလုံးများ လုံးဝမသုံးပါနဲ့။

ဒါအပြင်----

(၁) လူပုဂ္ဂိုလ်တဦးတယောက်ရဲ့ အရည်အချင်းနဲ့ ပတ်သက်ပြီး သံသယဖြစ်သလို လို အရေးအသားမျိုး မရေးမိအောင်သတိ ထားရမယ်။

(၂) ရာဇဝတ်မှုတခုကို ကျူးလွန်သည်၊ ဒါမှမဟုတ် ရာဇဝတ်မှုမြောက် ပြစ်မှုတခု ကို ကျူးလွန်သည် စတဲ့ အရေးအသားမျိုး လုံးဝမရေးမိအောင် ရှောင်ကြည် ရမယ်။ တရားရုံးတော်က စီရင်ချက်မချသေးခင်ကာလမှာ ဘယ်သူမဆို အပြစ် မရှိတဲ့ နိုင်ငံသူ နိုင်ငံသား တယောက်သာ ဖြစ်တယ်ဆိုတဲ့အချက်ကို ကြပ်ကြပ် ကြီး စွဲမြဲမှတ်သားထားဖို့ လိုအပ်တယ်။ မှုခင်းသတင်းရေးသားရာမှာ လူသတ် သမား၊ ဓါးပြ၊ ခါးပိုက်နှိုက်၊ မုဒိန်းကောင်စတဲ့ တဖက်သတ်စွပ်စွဲတဲ့ စကားလုံး များ လုံးဝမသုံးပါဘူး၊ လူသတ်သမားလို့ စွပ်စွဲခံရသူ၊ ခါးပိုက်နှိုက်ဆိုပြီး အဖမ်း ခံရသူ၊ ဓါးပြမှုနဲ့ ရုံးတင်ခံရသူ၊ မတရားပြုကျင့်သူအဖြစ် စွဲချက်တင်ခံရသူစတဲ့ အသုံးအနှုန်းများသာ သုံးစွဲရမယ်။ တရားရုံးတော်က စီရင်ချက်မချမချင်း ဖမ်း ဆီး ရုံးတင်ခံရသူဟာ ဖမ်းဆီးခဲ့တဲ့ ရဲကစွပ်စွဲထားသူ(accused)သာ ဖြစ်သေး တယ်ဆိုတာ သတိပြုရပါမယ်။

(၃) စွပ်စွဲခံရသူဟာ စိတ်ရောဂါရှိသူဖြစ်တယ်၊ စိတ်မနှံ့သူ ဖြစ်တယ်ဆိုတဲ့ အသုံး အနှုန်းမျိုးလည်း လုံးဝရှောင်ကြဉ်ရပါမယ်။ ရဲရဲ့ တိုင်ချက်မှတ်တမ်း၊ ဒါမှမဟုတ် တရားစွဲ ဆိုချက်ထဲမှာ စိတ်မနှံ့သူလို့ ရေးထားတာပါခဲ့ရင် တိုက်ရိုက်ကိုးကားချက်အဖြစ် ရေးနိုင်တယ်။ တိုက်ရိုက်ကိုးကားချက် မဟုတ်ပါက စိတ်မနှံ့သူလို့ သံသယဖြစ်ခံရသူ၊ စွပ်စွဲခံရသူလို့သာရေးရမယ်။ တရားရုံးသတင်းမှာ အရေးအသား စကားလုံး အသုံးအနှုန်း မှားယွင်းသွားရင်၊ အသေရေဖျက်မှုနဲ့ တရားစွဲဆို ခံရနိုင်ရုံသာမက ရုံးတော်ကို မထီမဲ့မြင် ပြုမှု(Contempt Of Court)နဲ့လည်း အရေးယူခံရနိုင်တယ်။

တရားရုံးသတင်းရေးသားရာမှာ ရှေ့နေများ၊ ရဲအရာရှိများက တရားရုံးပြင်ပမှာ ပြောကြားတဲ့စကားများကို သတင်းထဲ ထည့်မရေးမိဖို့ သတိပြုရမယ်။ တရားရုံးပြင်ပမှာ နှုတ်နဲ့ပြောခဲ့တဲ့ စကားဖြစ်လို့ တရားမဝင်ပါဘူး။ ဥပမာ–လူသတ်မှုတခုကို စစ်ဆေးနေခိုက် ရဲ၊ ဒါမှမဟုတ် အမှုလိုက်များက ဒီအမှုမှာ လူသက်သေ၊ ပစ္စည်းသက်သေ အခိုင်အမာရှိ နေတာဖြစ်လို့ သေဒဏ်က လွတ်ဖွယ်ရာအကြောင်း မမြင်ဘူးလို့ ပြောခဲ့တယ်ဆိုပါစို့။ သတင်းထောက်က ဒီစကားကို သတင်းထဲထည့်ပြီး စွဲချက်တင်ခံရသူမှာ သေဒဏ်ကျခံ ရဖွယ်ရှိကြောင်းဆိုပြီး ရေးသားလိုက်ရင် တရားရုံးက ရုံးတော်ကို မထီမဲ့မြင် ပြုမှုနဲ့ အပြစ် ပေးအရေးယူတာ အသေအချာခံရမှာ ဖြစ်ပါတယ်။

သတင်းတပုဒ်ရေးတဲ့အခါမှာ တဖက်သားကို နစ်နာစေလိုတဲ့ စေတနာ မရှိတာ မှန်ပေမယ့်၊ ရေးလိုက်တဲ့သတင်းက မှားတဲ့ သတင်းဖြစ်နေရင်တော့ လူတဖက်သားအဖို့

ထိခိုက်နစ်နာသွားစေခဲ့ပြီဖြစ်တယ်။ အဲဒီအခါ အသေရေဖျက်မှုနဲ့ တရားစွဲတာခံရမှာ သေချာနေပါတယ်။

စိတ်၊ စေတနာဟာ တရားမဝင်ပါဘူး။ လက်တွေ့လုပ်ဆောင်မှုနဲ့ စာကြောင်းတွေကသာ တရားဝင်တာဖြစ်တယ်။ ဒ့ါအပြင် အမှား ပြင်ဆင်ချက်တို့၊ တောင်းပန်ချက်တို့ထည့်ပေးတယ်ဆိုတာနဲ့ ထိခိုက်နစ်နာမှု အသရေဖျက်မှုတို့က မလွတ်ပါဘူး။ အဲဒါကြောင့် အစကတည်းက အမှားအယွင်း မဖြစ်အောင် လူတဖက်သား ထိခိုက်နစ်နာမှု မရှိစေရအောင် အထူးသတိပြုရမှာဖြစ်တယ်။

စာနယ်ဇင်းသမားတဦးအနေနဲ့ ကျင့်ဝတ်သီလနဲ့ ပြည့်စုံသူ ဖြစ်ဖို့ အောက်ပါ အခြေခံအကျဆုံးအချက်များကို လေးစားလိုက်နာကြဖို့ လိုအပ်ပါတယ်။

(၁) အမှားကို ရိုးသားစွာဝန်ခံရမယ်။

(၂) ကိုယ့်အကြိုက်နဲ့ မကိုက်ညီပေမယ့် အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်း မှန်မှန်ကန် ဖော်ပြရမယ်။

(၃) မိမိကိုယ်မိမိ တိုးတက်အောင် အမြဲလေ့လာဆည်းပူးနေရမယ်။ ဒါမှသာ စာဖတ် ပရိတ်သတ်ကို ပြည့်ပြည့်ဝဝအကျိုးပြုနိုင်မှာ ဖြစ်တယ်။

(၄) ချီးကျူးဂုဏ်ပြုခြင်းများမှာ မသာယာနဲ့၊ ငွေ၊ ကျော်ကြားမှုနဲ့ အာဏာကို မမက်မောနဲ့။

(၅) မိမိနေထိုင်ရာ ပတ်ဝန်းကျင်ကို နေပျော်တဲ့ဝန်းကျင် တခုဖြစ်အောင် စွမ်းဆောင်မယ် ဆိုတဲ့စိတ်ဓာတ် အမြဲမွေးမြူထားဖို့ လိုအပ်တယ်။

❖ ❖ ❖ ❖ ❖

ပုဂ္ဂလိကလွတ်လပ်ခွင့်နဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်

သတင်းစာဆိုတာ သတင်းများကို ရေးသားဖော်ပြရတာဖြစ်တယ်။ သတင်းဆိုတဲ့နေရာမှာလည်း လူတွေနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ သတင်းများကို အဓိကထားဖော်ပြကြတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေဖတ်ဖို့ သတင်းစာ ထုတ်ဝေနေတာဖြစ်လို့ပဲ။

လူတွေက တခြားလူတွေရဲ့ အကြောင်းကို စိတ်ဝင်စားကြတယ်။ သိချင်ကြတယ်။ သာမန်လူတွေထက် ထင်ရှားကျော်ကြားသူများရဲ့ အကြောင်းကို ပိုပြီး စိတ်ဝင်စားကြတယ်။ အဲဒါကြောင့် သတင်းထောက်တွေက လူအများစိတ်ဝင်စားမယ့် လူတွေရဲ့အကြောင်း၊ လူတွေပါဝင်ပတ်သက်နေတဲ့ အဖြစ်အပျက် သတင်းစတာတွေကို ရှာဖွေစုံစမ်းပြီး ရေးသားကြရတယ်။

လူတွေရဲ့ အကြောင်းကို ရှာဖွေစုံစမ်း ရေးသားကြရာမှာ လူပုဂ္ဂိုလ်များရဲ့ ပုဂ္ဂလိက လွတ်လပ်ခွင့်နဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်တို့ ထိပ်တိုက်တိုးကြရတာမျိုး မလွဲမသွေ ကြုံတွေ့ကြရတယ်။ စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ နိုင်ငံတနိုင်ငံရဲ့

ဝိညာဉ်ဖြစ်တယ်။ ဒါပေမယ်လ့်လို့ လူပုဂ္ဂိုလ်တဦးတယောက်ရဲ့ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို အခါမလပ် လစ်လျူရှုပစ်ပယ်ထားခွင့်ရှိတယ်လို့တော့ ဆိုလိုရာ မရောက်ပါဘူး။ စာနယ်ဇင်းသမားက ကိုယ့်ရဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အလေးထားသလို သူတထူးရဲ့ ပုဂ္ဂလိက လွတ်လပ်ခွင့်ကိုလည်း လေးစားရှိသေရမှာ ဖြစ်တယ်။

ဒါပေမယ့်လို့ လူပုဂ္ဂိုလ်တဦးတယောက်ဟာ သတင်းဖြစ်စေတဲ့ ကိစ္စတခု၊ အဖြစ်အပျက်တခုမှာ ပါဝင်ပတ်သက်နေပြီဆိုရင်တော့ ပုဂ္ဂလိက လွတ်လပ်ခွင့်ကို အကြောင်းပြပြီး သတင်းမရေးနိုင်အောင် တားမြစ်ပိတ်ပင်ခြင်း မပြုနိုင်ပါဘူး။ ဥပမာ–မူးပြီးမောင်းမှုနဲ့ အရေးယူခံရတဲ့ ကားသမား၊ ဆေးခြောက်လက်ဝယ်တွေ့ရှိမှုနဲ့ အဖမ်းခံရပြီး ရဲစခန်းရောက်တဲ့ ရုပ်ရှင်မင်းသား၊ အသက်မပြည့်သေးဘဲ အရက်ဆိုင်မှာ ဘီယာဝင်သောက်လို့ အဖမ်းခံရတဲ့ သမ္မတသမီး စသူတို့ရဲ့ သတင်းများကို သတင်းစာမှာ ရေးသားဖော်ပြရာမှာ အသေရေဖျက်မှုနဲ့ တရားစွဲလို့ မဖြစ်ပါဘူး။

တခါက အခန်းထဲမှာ ပိတ်လှောင်ဖမ်းဆီးခံထားရတဲ့ အမျိုးသမီးတယောက်ကို ရဲက ဝင်ရောက်ကယ်တင်ရတဲ့ ကိစ္စတခုဖြစ်ခဲ့ပါတယ်။ ရဲက ကယ်တင်လာတဲ့အမျိုးသမီးကို ခေါ်ထုတ်လာရာမှာ အဝတ်အစား မလုံ့တလုံ့နဲ့ဖြစ်နေပါတယ်။ အဲဒီပုံ သတင်းစာတွေမှာ ပါလာတော့ အမျိုးသမီးက အရှက်တကွဲဖြစ်စေအောင်လုပ်တယ်ဆိုပြီး တရားစွဲပါတယ်။ တရားရုံးက စွဲဆိုချက်ကို ကြားနာပြီး အမျိုးသမီးကို အနိုင်ပေးလိုက်ပါတယ်။ သတင်းစာတိုက်က ဒေါ်လာ ၁၀၀၀၀ လျော်ကြေးပေးဖို့ ဆုံးဖြတ်ချက်ချ လိုက်ပါတယ်။

သတင်းစာတိုက်က အထက်ရုံးကို အယူခံဝင်တဲ့အခါကျတော့ အယူခံရုံးက အောက်ရုံးစီရင်ချက်ကို ပယ်ချပြီး လူသိရှင်ကြားဖြစ်ပွားခဲ့တဲ့ သတင်းတပုဒ်ကို ဖော်ပြရေးသားတာဖြစ်လို့ သတင်းစာတိုက်မှာ အပြစ်မရှိလို့ စီရင်ချက်ချလိုက်ပါတယ်။

တခါက တရားရုံးတခုမှာ မယားခိုးမှုနဲ့ တိုင်ကြားတဲ့ အမှုတမှု ကြားနာစစ်ဆေးပါတယ်။ တရားစွဲဆိုသူ လင်ယောကျ်ားက စွပ်စွဲခံရသူနဲ့ သူ့ဇနီးတို့ ကာလရှည်စွာ မတော်မလျော် ဖောက်ပြားခဲ့ကြပုံတွေကို အသေးစိတ်တိုင်ကြား လျှောက်ထားပါတယ်။ သတင်းစာများကလည်း စွပ်စွဲသူရဲ့ လျှောက်ထားချက်များကို ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြခဲ့ကြပါတယ်။ အဲဒီအခါ စွပ်စွဲခံရသူက ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်လုပ်ဆောင်တယ်ဆိုပြီး သတင်းစာများကို တရားစွဲပါတယ်။ ရုံးတော်က တရားရုံးတော်ရှေ့မှာ တင်ပြထွက်ဆိုချက်များကိုသာ ရေးသားဖော်ပြခဲ့ကြတာ ဖြစ်တဲ့အတွက် သတင်းစာများမှာ အပြစ်မရှိလို့ ဆုံးဖြတ်ခဲ့ပါတယ်။

တကယ်လို့ သတင်းထောက်ဟာ ရုံးတော်မှာ တရားလိုက တင်ပြလျှောက်ထားချက်များကို ဖော်ပြရုံမျှသာမက၊ သူကိုယ်တိုင် နှိုက်နှိုက်ချွတ်ချွတ် လိုက်လံစုံစမ်း ဖော်ထုတ်ရရှိခဲ့တဲ့ အထောက်အထားများကို ဖော်ပြရေးသားခဲ့လျှင်၊ အပြစ် ရှိမရှိဆိုတဲ့

ကိစ္စကို သတင်းစာဆရာတွေကြားမှာ အငြင်းပွားဖွယ်ကိစ္စတခုအဖြစ် ဆွေးနွေးခဲ့ကြပါတယ်။

တချို့သတင်းစာဆရာများက လူသိရှင်ကြား ဖြစ်ပွားခဲ့တဲ့ သတင်းတပုဒ်ရဲ့ နောက်ဆက်တွဲသတင်းအဖြစ် စုံစမ်းဖော်ထုတ် ရေးသားခွင့်ရှိတယ်လို့ ယူဆကြပါတယ်။ တချို့ကတော့ တရားရုံး ရှေ့ရောက်နေပြီဖြစ်တဲ့ ကိစ္စတခုမှာ တရားလိုဖက်က တင်ပြစွပ်စွဲချက်များထက် ကျော်လွန်ပြီး နှိုက်နှိုက်ချွတ်ချွတ် ဖော်ထုတ်ရေးသားခြင်း မပြုအပ်ဘူး။ ဒီလုပ်ရပ်ဟာ ဂျူရီလူကြီးများရဲ့ အတွေးအမြင်အပေါ် တစုံတရာ ဩဇာသက်ရောက်နိုင်တဲ့အတွက် သတင်းထောက်ရဲ့ကျင့်ဝတ် ချိုးဖောက်ရာရောက်တယ်လို့ ယူဆကြပါတယ်။

ဒီကိစ္စသာ မြန်မာနိုင်ငံမှာ ဖြစ်ပွားပေါ်ပေါက်ခဲ့ပြီး ကိုယ့်သတင်းစာမှာ ထည့်သင့်မသင့် အဆုံးအဖြတ်ပေးရမယ့် အခြေအနေမျိုး ကြုံခဲ့ရရင် ဘယ်လိုဆုံးဖြတ်ချက်မျိုးချမလဲ။

မြန်မာသတင်းစာသမားတယောက်အနေနဲ့တော့ ဒီကိစ္စမျိုးကို ၂ခါပြန်စဉ်းစားစရာ လိုမယ်မထင်ပါဘူး။ သတင်းထောက်က နှိုက်နှိုက်ချွတ်ချွတ် ဖောက်ထုတ်တင်ပြချက်များကို ပယ်ချပြီး တရားရုံးမှာ တရားလိုက စွပ်စွဲတင်ပြချက်များကိုသာ ဖော်ပြမှာဖြစ်ပါတယ်။ အကြောင်း ၂ခုကြောင့် ဒီလိုဆုံးဖြတ်တာဖြစ်တယ်။

(၁) သတင်းစာရဲ့တာဝန်က ဖြစ်တဲ့သတင်းကို ဖြစ်တဲ့အတိုင်း ဖော်ပြဖို့သာ တာဝန်ရှိတယ်။ လူတဦးတယောက်ရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်လည်း မလုပ်သင့်ဘူး။ ဂုဏ်သိက္ခာ တက်လာအောင် အရောင်တင်ပေးတာမျိုးလည်း မလုပ်သင့်ဘူး။ ဖြစ်ပွားတဲ့ကိစ္စဟာ လူပုဂ္ဂိုလ် ၃ဦးရဲ့ ပုဂ္ဂလိက ကိစ္စသာဖြစ်တယ်။ တိုင်းရေးပြည်ရေး ကိစ္စမျိုးမဟုတ်ဘူး။ အဲဒါကြောင့် လိုအပ်တာထက်ပိုပြီး တူးဆွဖော်ထုတ် မလုပ်သင့်ဘူး။ လှုပ်ခတ်သွားအောင် Seusational ဖြစ်အောင် လုပ်တာဟာ အညံ့စားသတင်းစာ ပညာဖြစ်တယ်။

(၂) ရုံးတော်ရှေ့မှာ စစ်ဆေးဆဲမှုခင်းတခုဖြစ်တဲ့အတွက် ဂျူရီလူကြီးများရဲ့ အတွေးအမြင်အပေါ် ဩဇာသက်ရောက် သွားစေတဲ့ အရေးအသားမျိုးကြောင့် အမှုရဲ့ အခြေအနေ တမျိုးတမည် ဖြစ်သွားစေနိုင်တဲ့ အန္တရာယ်ရှိပါတယ်။

အဲဒီလို အလားတူတခြားမှုခင်းများမှာ စွပ်စွဲခံရသူဖက်က ဩဇာသက်ရောက်မှုကို အကြောင်းပြပြီး သတင်းစာများမှာ တင်ပြရေးသားခွင့်ကို တားမြစ်ပေးဖို့ ရုံးတော်မှာ လျှောက်ထားတဲ့အတွက် တရားရုံးက တရားခွင်ထဲ သတင်းထောက်များဝင်ရောက်ခွင့် တားမြစ်ပိတ်ပင်ခဲ့တဲ့ သာဓကများ ရှိခဲ့ဘူးပါတယ်။

သတင်းတပုဒ်ဖော်ပြရေးသားရာမှာ သည်းခြေခိုက် ဖြစ်အောင်၊ လှုပ်ခတ်သွားအောင်( Seusationalised)မလုပ်ရဘူးလို့ စာနယ်ဇင်း ကျင့်ဝတ်တွေက ပြဌာန်းတားမြစ်ထားတာမျိုးတော့ မရှိပါဘူး။ ဒါပေမယ့် ဒီလုပ်ရပ်များဟာ အညံ့စားသတင်းစာ ပညာအဖြစ် သိက္ခာရှိစာနယ်ဇင်းသမားတိုင်က ရှောင်ကြည်လေ့ရှိကြောင်း

တင်ပြလိုက်ပါ တယ်။

❖ ❖ ❖ ❖ ❖

ပုဂ္ဂလိကလွတ်လပ်ခွင့်နဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်(၂)

လူပုဂ္ဂိုလ်တဦးတယောက်ရဲ့ ပုဂ္ဂလိက လွတ်လပ်ခွင့်ဆိုတာ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတိုင်းက အလွန်အလေးထားတဲ့အရာ ဖြစ်တယ်။ ဘယ်အရာကမှ ထိပါးကျူးလွန်ခွင့်မရှိပါဘူး။ အလားတူပဲ စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာလည်း ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတိုင်းက အလွန်အလေးထားတဲ့အရာပဲ ဖြစ်ပါတယ်။

စာနယ်ဇင်းများရဲ့အခြေခံတာဝန်ဟာ ပြည်သူလူအများ သိချင်ကြတဲ့ သတင်းမှန်သမျှကို ရှာဖွေဖော်ထုတ်ရေးသားတင်ပြဖို့ ဖြစ်တယ်။ သတင်းဆိုတဲ့ စကားကို အလေးအနက်ထား စဉ်းစားကြစေချင်ပါတယ်။ သတင်းဆိုတာ အမှန်တကယ်ဖြစ်ပျက်ခဲ့တဲ့ ကိစ္စ၊ အမှန်တကယ် ဖြစ်ပျက်တော့မယ်လို့ ပြောရေးဆိုခွင့်ရှိသူကိုယ်တိုင်က ထုတ်ဖော်ပြောကြားတဲ့ ကိစ္စမျိုးဖြစ်တယ်။ ဥပမာ–မနက်ဖြန်မနက်မှာ နိုင်ငံခြားသင်္ဘော **SS Oceania** ဆိုက်ကပ်လာလိမ့်မယ်လို့ ဆိပ်ကမ်းအရာရှိကြီး၊ ဒါမှမဟုတ် သင်္ဘောကိုယ်စားလှယ်က ထုတ်ဖော်ပြောကြားလိုက်တာမျိုး၊ ဘင်္ဂလားပင်လယ်အော် တနေရာမှာ လေဖိအားနည်းရပ်ဝန်းတခု ဖြစ်ပေါ်နေတဲ့အတွက် ဒီနေ့ကစပြီး ၄၈နာရီအတွင်း မြန်မာနိုင်ငံတဝှမ်းလုံးမှာ မိုးသက်လေပြင်းများ ကျဖွယ်ရှိတယ်လို့ မိုးလေဝသဌာနက ထုတ်ပြန်ကြေညာတာမျိုးတွေ ဖြစ်တယ်။ သင်္ဘောမဆိုက်သေး၊ မုန်တိုင်းမကျသေးပေမယ့် ဆိုက်ခါ နည်းကျခါစ ဖြစ်နေတာကို ပြောရေးဆိုခွင့်အရှိဆုံး ပုဂ္ဂိုလ်များက ထုတ်ဖော် ပြောကြားတာဖြစ်တဲ့အတွက် သတင်းအနေနဲ့ ရေးသားခွင့်ရှိတယ်။

တကယ်လို့ သင်္ဘောဆိုက်ရောက်မလာသေးတာ၊ မုန်တိုင်းက ကျရောက်မလာတာမျိုး ဖြစ်ရင်လည်း၊ သတင်းစာကမှားတယ်လို့ ပြောလို့မရပါဘူး။ သက်ဆိုင်ရာတာဝန်အရှိဆုံး ပုဂ္ဂိုလ်များရဲ့ ထုတ်ဖော်ပြောကြားချက်များကို ထပ်ဆင့်တင်ပြတာဖြစ်တဲ့အတွက် သတင်းစာမှာ တာဝန်မရှိပါဘူး။

ဒါပေမယ့်လို့ လူပုဂ္ဂိုလ်တဦးတယောက်နဲ့ သက်ဆိုင်တဲ့ သတင်းမျိုးဆိုရင်တော့ မဖြစ်သေးတာကို ခန့်မှန်းပြီး ကြိုတင်ဟောကိန်း ထုတ်လို့ မဖြစ်ပါဘူး။ ဥပမာ ရုပ်ရှင်မင်းသမီးတယောက်ဟာ သူ့ခင်ပွန်းနဲ့အတူမနေဘဲ အိမ်ခွဲပြီး သီးခြားနေထိုင်နေတယ်။ အဲဒီလိုနေတဲ့ အချိန်အတောအတွင်းမှာ တခြားလူတယောက်နဲ့ တွဲသွားတွဲလာ လုပ်နေတယ်။ ဒါကိုသတင်းထောက်က မင်းသမီးနဲ့ သူ့ခင်ပွန်း တရားဝင်ကွာရှင်းပြီး နောက်လူနဲ့ လက်ထပ်တော့မယ်လို့ သတင်းရေးလိုက်ရင် ကာယကံရှင်များက မကျေနပ်ခဲ့ရင် အသရေဖျက်မှုနဲ့ တရားစွဲခံရနိုင်ပါတယ်။ မဖြစ်သေးတာကို ကြိုတင်ခန့်မှန်း ရေးသားလိုက်တာကိုး။ ကွဲကွာတော့မယ်တို့ လက်ထပ်တော့မယ်တို့ မရေးဘဲ။ မင်းသမီးနဲ့ သူ့ခင်ပွန်း အိမ်ခွဲနေ

ကြတယ်ဆိုတာလောက်သာ ရေးလိုက်ရင်၊ တရားစွဲခံရဖွယ်မရှိပါဘူး။ အဲဒီလိုပဲ မင်းသမီးနဲ့ နောက်လူတို့ တွဲသွားတွဲလာလုပ်နေတာကို ဓါတ်ပုံတွေဘာတွေနဲ့ ဖော်ပြပြီး တွဲသွားတွဲလာ လုပ်နေကြတယ်လောက်သာ ရေးရင် အသရေဖျက်ရာ မရောက်နိုင်ပါဘူး။

သတင်းဆိုတာ ဖြစ်တာကို ဖြစ်တဲ့အတိုင်းသာ ရေးရမှာ ဖြစ်တယ်။ မဖြစ်သေးတာကို ကြိုတင်ခန့်မှန်းပြီး ရေးခွင့်မရှိသလို ဖြစ်ပြီးတဲ့ အဖြစ်အပျက်ပေါ်မှာလည်း သတင်းထောက်ရဲ့ သုံးသပ်ချက်၊ ထင်မြင်ချက်ကို ထည့်ရေးခွင့်မရှိပါဘူး။ ဥပမာ လူသတ်မှုတခု ဖြစ်ပွားရာမှာ ရဲက လူတယောက်ကို သတ်သူအဖြစ် မသင်္ကာလို့ ဖမ်းလိုက်တယ်ဆိုပါစို့၊ ဒီသတင်းမျိုးကို တချို့သတင်းထောက်က ရေးသားရာမှာ--‘ဒေါသမီးလျှံသည်ကြောက်ဖွယ်ကောင်းလှသည်။ ရုတ်တရက် ပေါ်ထွက်လာတဲ့ ဒေါသကို သတိပညာချွန်းဖြင့် မအုပ်ထိန်းနိုင်လိုက်တဲ့အတွက် လူသတ်တရားခံ ဖြစ်သွားရရှာသည်။ မိမိကိုယ်တိုင် ထောင်ဒဏ်ကျခံရရုံသာမက၊ ကျန်ရစ်တဲ့မိသားစုနဲ့ သားသမီး လူမမယ်ကလေးများပါ ဒုက္ခရောက်ကြရှာတော့မည်’စသဖြင့် သံဝေဂပွားတာလိုလို၊ ပညာပေးဆုံးမတာလိုလို ရေးတတ်ကြပါတယ်။ ဒီသတင်းအရေးအသားမျိုးဟာ အလွန်အင်မတန်မှားပါတယ်။ ရဲက ဖမ်းသွားသူကို လူသတ်သမားလို့ တပ်အပ်သေချာ ပြောလို့မရပါဘူး။ ရဲက မသင်္ကာလို့ ဖမ်းသွားသူအဖြစ်သာ ရှိပါသေးတယ်။ စစ်ဆေးပြီးတဲ့အခါမှာ စွပ်စွဲစရာ သက်သေအထောက်မရှိလို့ ရဲက ပြန်လွှတ်ပေးလိုက်ရတာမျိုးတွေ အများကြီးရှိပါတယ်။ ရုံးတော်က ပြစ်ဒဏ်ချစီရင်ခြင်းမပြုခင်မှာ လူတိုင်းဟာ အပြစ်မဲ့သူများသာ ဖြစ်ကြပါတယ်။ ဒါသတင်းထောက်အလုပ် မဟုတ်ပါဘူး။ ရဲအလုပ်ပါ။ သတင်းထောက်အလုပ်က သတင်းဖြစ်တာကို ဖြစ်တဲ့အတိုင်း၊ ကိုယ်တိုင်မြင်တွေ့ကြားသိရတဲ့အတိုင်း ရေးသားဖို့သာ ဖြစ်ပါတယ်။

ပုဂ္ဂလိက လွတ်လပ်ခွင့်လို့ဆိုရာမှာလည်း နေရာတိုင်းမှာ ကိုယ်လုပ်ချင်သလို လုပ်ခွင့်ရှိတယ်လို့ ဆိုရာမရောက်ပါဘူး။ ဥပမာ ရုပ်ရှင်မင်းသားတယောက် မူးပြီးမောင်းလို့ အဖမ်းခံရတယ်ဆိုပါတော့၊ ရဲရဲ့ ပထမသတင်းပေးတိုင်ကြားချက်(FIR)မှာလည်း မူးပြီးမောင်းလို့ ဖမ်းဆီးတယ်လို့ ရေးထားတယ်ဆိုရင် သတင်းထောက်က ဓါတ်ပုံရိုက်တာဖြစ်ဖြစ် အသရေဖျက်မှုနဲ့ တရားစွဲလို့ မရပါဘူး။ ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားလို့ အဲဒီအတိုင်းရေးတာဟာ ရေးခွင့်ရှိပါတယ်။

ဒါပေမယ်လို့ လူပုဂ္ဂိုလ်တဦးတယောက်ရဲ့ အိမ်ထဲ တိတ်တဆိတ် ဝင်ရောက်တာမျိုး၊ အိမ်ဝင်းထဲမဝင်သည့်တိုင် အဝေးက ဓါတ်ပုံရိုက်ယူတာ၊ အသံဖမ်းတာမျိုးကတော့ ပုဂ္ဂိုလကလွတ်လပ်ခွင့်ကို ထိပါးရာရောကတယ်လို့ တရားဥပဒေက သတ်မှတ်ထားပါတယ်။ ခိုးရိုက်၊ ခိုးသွင်းခဲ့တဲ့ ဓါတ်ပုံတွေ အသံသွင်းယူချက်တွေကို ရေးသား ဖော်ပြခြင်းမပြုဖို့ အပြစ်မရှိဘူး မထင်ပါနဲ့။ ဥပဒေက အပြစ်ရှိတယ်လို့ သတ်မှတ်ပါတယ်။ သတင်းထောက်က သတင်းထောက်လို့ မပြောဘဲ ဝင်ရောက်ပြီး၊ သူတပါးပြောစကားတွေကို

ခိုးကြောင် ခိုးဝှက်နားထောင်ခဲ့ရင်လည်း အပြစ်ရှိတယ်လို့ သတ်မှတ်ပါတယ်။

သတင်းအတွက် တွေ့ဆုံမေးမြန်းတာမျိုးလုပ်ရင် သတင်းထောက်ဖြစ်ကြောင်း ပြောကြားရမယ်။ တွေ့ဆုံမေးမြန်းချက်၊ ပြောဆိုချက်တွေကို သတင်းအဖြစ် ရေးသားဖော်ပြမှာဖြစ်ကြောင်းလည်း ကြိုတင်အသိပေးထားရမယ်။ ကာယကံရှင်မသိအောင် ခိုးကြောင်ခိုးဝှက်နဲ့ အသံသွင်းယူခဲ့ပြီး သတင်းပြန်ရေးတာမျိုး လုံးဝမလုပ်ရပါဘူး။ ဒါဟာ သတင်းထောက်ရဲ့ ကျင့်ဝတ်ကို ဖောက်ဖျက်ရာရောက်ပါတယ်။ စာနယ်ဇင်း အဲာပတ်သင့်ပါတယ်။

❖ ❖ ❖ ❖ ❖

စာနယ်ဇင်းမော်နီတာ

သတင်းသမားရဲ့ အဓိကတာဝန်ဟာ သတင်းပေးဖို့ဖြစ်တယ်။ စာဖတ်ပရိသတ် သိသင့်သိထိုက်တဲ့ သတင်းမှန်သမျှကို အမြန်ဆုံးပေးပို့ဖို့ကလွဲပြီး တခြားဘာတာဝန်မှ မရှိပါဘူး။ စာနယ်ဇင်းလုပ်ငန်းဆိုတာ ပြည်သူလူထုကို ဝန်ဆောင်မှုပေးရတဲ့ Public Service လုပ်ငန်းတခုသာ ဖြစ်တယ်။

အဲဒါကြောင့် စာနယ်ဇင်းသမားဟာ ပြည်သူလူထုရဲ့ မျက်နှာကိုသာ ကြည့်ရမှာဖြစ်တယ်။ အလုပ်ရှင်ရဲ့မျက်နှာကိုသာ ကြည့်ရမှာ မဟုတ်ပါဘူး။ မိမိယုံကြည်ရာ၊ နိုင်ငံရေး၊ ဘာသာရေးအယူဝါဒတခု၊ အသင်းအဖွဲ့ပါတီတခုရဲ့ မျက်နှာကိုလည်း မကြည့်ရပါဘူး။ ကိုယ်ကြိုက်တာဖြစ်ဖြစ်၊ မကြိုက်တာဖြစ်ဖြစ်၊ ကိုယ်ယုံကြည်ရာ အယူဝါဒနဲ့ တူညီတာဖြစ်ဖြစ်၊ ဆန့်ကျင်တာဖြစ်ဖြစ် အမှန်ကို အမှန်အတိုင်း အဖြစ်ကို အဖြစ်အတိုင်း ရေးသားဖော်ပြရမှာဖြစ်တယ်။

တခါတလေမှာ သတင်းထောက်က ရေးသင့်တယ်ထင်လို့ ရေးလိုက်တဲ့ သတင်းတပုဒ်ကို အယ်ဒီတာ၊ ဒါမဟုတ် အုပ်ချုပ်ရေးဌာနက ပိုင်ရှင်ရဲ့ အကျိုးစီးပွား၊ ဒါမဟုတ် ကြော်ငြာရှင်များရဲ့ အကျိုးစီးပွားကို ထိခိုက်စေမယ်ယူဆပြီး မထည့်ဘဲ ထိန်ချန်ဖြုတ်ပယ် ပစ်လိုက်တာမျိုး ကြုံရတတ်ပါတယ်။

အဲဒီအခါမျိုးမှာ သတင်းထောက်က ဆိုင်ရာပုဂ္ဂိုလ်များကို ကျင့်ဝတ်ပိုင်းဆိုင်ရာ အရ၊ ထောက်ပြအရေးဆိုရပါမယ်။ သတင်းစာတိုက်ကြီးများမှာ၊ ကျင့်ဝတ်ထိန်းသိမ်းရေး ဆောင်ရွက်ဖို့ Ombudsmanလို့ခေါ်တဲ့ စည်းကမ်းကြီးကြပ်ရေးမှူးတဦး ထားလေ့ရှိပါတယ်။ ဒီပုဂ္ဂိုလ်က တိုက်တွင်းစည်းကမ်းကျင့်ဝတ် ထိန်းသိမ်းရေးတာဝန်များ ဆောင်ရွက်ရသလို၊ စာဖတ်ပရိတ်သတ်က တိုင်ကြားတဲ့စာ အားလုံးကို ဖတ်ရှုပြီး လိုအပ်သလို အရေးယူဆောင်ရွက်မှုတွေလည်း ပြုရပါတယ်။ စာနယ်ဇင်းလောကသားတွေကတော့ ဒီပုဂ္ဂိုလ်ကို ခပ်လွယ်လွယ် Watchdogလို့ ခေါ်ကြပါတယ်။ မြန်မာလို ခံ့ခံ့ညားညား ခေါ်ချင်ရင်တော့ စာနယ်ဇင်းဝိနည်းမိုရ် လို့ ခေါ်နိုင်ပြီး၊ ခပ်လွယ်လွယ် ခေါ်ချင်ရင်တော့

စာနယ်ဇင်းမော်နီတာ လို့ ခေါ်နိုင်လိမ့်ထင်ပါတယ်။ စာသင်ခန်းထဲမှာ စည်းကမ်းထိန်းသိမ်းရေးအတွက် တာဝန်ပေးထားတဲ့ ကျောင်းသားကြီးကို မော်နီတာလို့ ခေါ်ကြတယ်မှတ်လား၊ သတင်းစာတိုက်ထဲမှာ အားလုံးရဲ့ ရိုသေလေးစားမှုခံရတဲ့ ဝါရင့်အယ်ဒီတာတယောက်ကို Ombudsmanတာဝန်ပေးတာဖြစ်လို့ စာနယ်ဇင်းမော်နီတာလို့ ခေါ်နိုင်မယ်လို့ ယူဆတာပါ။ တခြားသင့်တော်မယ် ယူဆတဲ့ နာမည်တခုခု ရှိရလည်း နှစ်သက်သလို ခေါ်နိုင်ပါတယ်။ နာမည်က သိပ်အရေးမကြီးပါဘူး။

စာနယ်ဇင်းသမားဟာ သတင်းမှန်၊ အဖြစ်မှန်၊ နာမည်မှန်၊ နေရပ် လိပ်စာမှန်၊ စာကိုး၊ စကားကိုးမှန်စသဖြင့် ဘာမဆိုမှန်အောင် အထူးအလေးထားရပါတယ်။ အဲ့ဒီတော့ မမှန်တာမှန်နသမျှ စက်ဆုပ်တဲ့ စိတ်ဓါတ်အလိုလို ကိန်းအောင်းနေတတ်ပါတယ်။ တရားဥပဒေကို မမှန်မကန်ပြုတာ၊ လုပ်ပိုင်ခွင့်ကို မမှန်မကန် အလွဲသုံးတာ၊ အင်အားကြီးသူက အင်အားငယ်သူကို နိုင်ထက်စီးနင်းပြုတာ၊ အမှားကို အမှန်လို့ လိမ်ညာလှည့်စားတာ၊ စတဲ့ စတဲ့ မသမာမှုမှန်သမျှကို စက်ဆုပ်ပြီး အပြုခံရသူများဖက်က မားမားမတ်မတ်ရပ်တည်တတ်ကြပါတယ်။ အဲဒါကြောင့် စာနယ်ဇင်းသမားကောင်းဆိုတာ champson of the underdogs(အရှုံးသမားများရဲ့ ချန်ပီယန်)လို့ ဆိုချက်ပါတယ်။

ကမ္ဘာ့စာနယ်ဇင်းလောကကိုပဲ ကြည့်ကြည့်၊ မြန်မာ့စာနယ်ဇင်း သမိုင်းကိုပဲ ပြန်လှေ့လာလှေ့လာ၊ တိုင်းသူပြည်သားများရဲ့ ချစ်ခင်မှု၊ ယုံကြည်လေးစားမှု၊ ခံယူရရှိမှုမှန်သမျှဟာ၊ အရှုံးသမားများဖက်က အမြဲတမ်း ကာကွယ်ရပ်တည်ပေးတဲ့ စာနယ်ဇင်းသမားတွေချည်း ဖြစ်တယ်ဆိုတာ တွေ့နိုင်ပါတယ်။

စာနယ်ဇင်းအတတ်ပညာပိုင်းမှာ မိုးပျံအောင် တော်နေတတ်နေရုံမျှနဲ့ တိုင်းသူပြည်သားများရဲ့ ချစ်ခင်မှုနဲ့ ယုံကြည်လေးစားမှုကို မရရှိနိုင်ပါဘူး။ အဲဒီအတတ်ပညာကို ဘယ်သူ့အတွက် အသုံးပြုတာလဲဆိုတဲ့ စံ ကသာ စာနယ်ဇင်းသမားတယောက်ရဲ့ နေရာကို ပြဌာန်း သတ်မှတ်ပေးတာ ဖြစ်ပါတယ်။

အတတ်ပညာပိုင်းလည်းကောင်း၊ ကျင့်ဝတ်သိက္ခာပိုင်းလည်းကောင်းတဲ့ လူမျိုးကတော့ ရှားပါတယ်။ တကယ်လို့ ကိုယ်အယ်ဒီတာအဖွဲ့မှာ ဘယ်လို အရည်အချင်းရှိသူမျိုးကို ဦးစားပေးပြီး ရွေးချယ်မလဲလို့ မေးလာခဲ့ရင် သင်ဘယ်လိုဖြေပါမလဲ။ ဘယ်လိုလူမျိုးကို ဦးစားပေးရွေးပါမလဲ။

စာနယ်ဇင်းလုပ်ငန်းဆိုတာ ဒီခေတ်မှာ ရောမစီးပွားရေးလုပ်ငန်းကြီးတွေဖြစ်နေပြီဆိုတော့ ပိုင်ရှင်သူဌေးကြီးတွေက သူ့သတင်းစာစောင်ရေတက်အောင် ပေါ်ပြူလာဖြစ်အောင် လုပ်နိုင်စွမ်းသူ လူတော်များကို ဦးစားပေးရွေးတတ်ကြပါတယ်။ ဒီတော့သတင်းစာ ပေါ်ပြူလာဖြစ်ပြီး စောင်ရေတွေတရိုန်ရိုန် တိုးတက်ပါတယ်။ ဒါပေမယ့် စာဖတ်ပရိတ်သတ်ရဲ့ ချစ်ခင်မှုနဲ့လေးစားယုံကြည်မှုတော့ မရရှိပါဘူး။ ဒီခေတ်ကမ္ဘာ့ စာနယ်ဇင်းလောမှာ ဂျိုးဇက်ပူလစ်ဇာ တို့ ခေတ်က စာနယ်ဇင်းတွေလို လူရိုသေရှင်ရိုသေ အများကြီးခံရတဲ့ စာနယ်ဇင်းမျိုး တော်တော်ရှားပါးနေပြီလို့ ယူဆမိကြောင်းပြောရင်း အဆုံးသတ်လိုက်ပါတယ်။